တော်လှန်ရေးအင်အားစုများမှ ပြည်သူလူထုတရပ်လုံးသို့ နှိုးဆော်ပန်ကြားချက်

ရက်စွဲ ။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့

မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက်စစ်အုပ်စုသည် တရားမဝင်အတုအယောင်ရွေးကောက်ပွဲအတွက် ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ (၂၃) ရက်တာ **"တစ်အိမ်တက်ဆင်း"** လူဦးရေစာရင်း ကောက်ယူသွားရန် ကြံစည်လျက်ရှိသည်။

"နိုင်ငံအတွင်းရှိ လူဦးစာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးရန်"ဟု ခေါင်းစဉ်တပ်၍ အကြိုမဲစာရင်းများကောက်ယူရန် ပြင်ဆင်လာခြင်းဖြစ်သည့်အပြင် အမြို့မြို့အနယ်နယ်ရှိ **တော်လှန်ရေးရဲဘော်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သပိတ်မှောက်နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက ဝန်ထမ်းများ၊ ကျောင်းသားများနှင့် ၎င်းတို့၏မိသားစုများ**ကို ပစ်မှတ်ထား ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်လာခြင်းဖြစ်သည်။ ထို့သို့ ပစ်မှတ်ထားရှာဖွေဖော်ထုတ်ပြီးပါက ပိုင်ဆိုင်မှုများသိမ်းယူခြင်း၊ မတရားဖမ်းဆီးခြင်း၊ စောင့်ကြည့်ခြင်းတို့အပါအဝင် မျှော်မှန်းမထားနိုင်သည့် ဖိနှိပ်ရမ်းကားမှုများကို ကျူးလွန်လာနိုင်ပါသည်။

စကစ၏ တရားမဝင် အတုအယောင်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လူထုအားဖြင့် တိုက်ဖျက် ဆန့်ကျင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်လာမည့် တအိမ်တက်ဆင်း လူဦးရေစာရင်း ကောက်ယူရေးအကြောင်းပြ၍ လူထု၏ အချက်အလက်များ ပိုင်ဆိုင်မှုများကို ရန်ရှာခြိမ်းခြောက်လာမည့် အရေးအတွက် လူထုတရပ်လုံးအနေဖြင့် အောက်ပါအတိုင်း တညီတညွတ်တည်း တုန့်ပြန်ရင်ဆိုင်ကြပါရန် တိုက်တွန်းနှိုးဆော်သည် -

၁။ ဇန်နဝါရီလ ၉ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း အကြမ်းဖက်စစ်ကောင်စီ၏ တအိမ်တက်ဆင်း လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ငြင်းဆန်၊ မပူးပေါင်းကြပါရန်။

၂။ အတင်းအဓမ္မ ခြိမ်းခြောက်မှုများရှိလာပါက ရနိုင်သည့်နည်းပေါင်းစုံဖြင့် မှတ်တမ်းတင်ထားပါရန်။

၃။ မတရားခြိမ်းခြောက်မှုများကြောင့် လူဦးစာရင်းပေးရပါကလည်း အချက်အလက်အမှားများသာပေးကြရန်။

၄။ မိမိတို့ပတ်ဝန်းကျင်တွင် လူဦးရေစာရင်းကောက်ယူမှုအခြေအနေများကို Telegram Scout channel များသို့ဖြစ်စေ၊ သတင်းမီဒီယာများနှင့် သပိတ်အင်အားစုများ၏ လူမှုကွန်ရက် (Facebook) စာမျက်နှာများသို့ဖြစ်စေ အချိန်နှင့် တပြေးညီ သတင်းပေးပို့ကြပါရန်။

၅။ တအိမ်တက်ဆင်း မြေပြင်လူဦးစာရင်းကောက်ယူနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စကစဘက်တော်သား ဒလန်သတင်းပေးများကို သေချာမှတ်သားထား၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ တရားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနများကို အမြန်ဆုံး သတင်းပေးပို့ တိုင်ကြားရန်။

"တရားမဝင် အတုအယောင်ရွေးကောက်ပွဲ... လူထုအားနဲ့တိုက်ဖျက်ကြ"